ရွာသစ်ကျေးရွာ

မြိတ်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ - ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရွာသစ်ကျေးရွာ၊ မြိတ်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြိတ်မြို့နယ်နှင့် ဦးကောင်းမြတ် -

LIFT/ Technical Assistant Team တို့ကူညီရေးဆွဲသည်)

၂၀၁၈ခုနှစ်၊ဩဂုတ်လ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	ရွာသစ်ကျေးရွာ သယံဇာတပြမြေပုံ၊ မြိတ်မြို့နယ်	၅
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၆
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၆
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၆
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၇
	(က) သီးနှံ စိုက်ပျိုးရေး	၇
	(ခ) မွေးမြူရေးလုပ်ငန်းနှင့် ငါးလုပ်ငန်း	၈
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၈
	(ဃ) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး	၉
	(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၉
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၉
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၉
	(ခ) ကျေးရွာ မီးလင်းရေး	၁၀
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၀
၆။	**ပညာရေး**	၁၀
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၁
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၁
၉။	**ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ**	၁၂
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၃
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၆
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၇
	နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၅၂
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၅၉
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၆၁
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	၆၃

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၈/၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၀၂၃ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့်

သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


ဩဂုတ်လ၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရွာသစ်ကျေးရွာ

မြိတ်မြို့နယ်

ရွာသစ်ကျေးရွာ ကျေးရွာ သယ်ဇာတပြမြေပုံ၊ မြိတ်မြို့နယ်



၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ရွာသစ်ကျေးရွာသည် စန္ဒဝတ်ကျေးရွာအုပ်စု၊ မြိတ်မြို့နယ်တွင်ပါဝင်ပြီး စန္ဒဝတ်ကျေးရွာအုပ်စုသည် မြောက်လတ္တီကျူ့(၁၂ဒီဂရီ၃၀မိနစ် ၃၇စက္ကန့်နှင့် ၁၂ဒီဂရီ ၃၀မိနစ် ၆၀ စက္ကန့်)ကြား အရှေ့လောင်ဂျီကျူ့ (၉၈ဒီဂရီ ၄၀မိနစ်၊ ၄၂စက္ကန့်နှင့် ၉၈ဒီဂရီ၃၈မိနစ် ၁၈ စက္ကန့်)အကြားတွင် တည်ရှိပါသည်။ အရှေ့မှအနောက်သို့ (၃.၅)မိုင် နှင့် တောင်မှမြောက်သို့ (၅)မိုင်ရှည်လျားပါသည်။ ရွာသစ်ကျေးရွာ၏ ဧရိယာမိုင် ၁.၅၃၉ ဖြစ်ပါသည်။

ရွာသစ်ကျေးရွာ၏အရှေ့ဘက်တွင် ရွှေဒူးကျေးရွာနှင့် တောင်ဘက်တွင် မြိတ်တောင်ကျေးရွာအုပ်စုတို့နှင့်ထိစပ်လျက်ရှိပါသည်။ အနောက်ဘက်တွင် ကလွင်ကျေးရွာအုပ်စုနှင့် နယ်နိမိတ်ထိစပ်လျက်ရှိပါသည်။ ရွာသစ်ကျေးရွာ၏အရှေ့ဘက်တွင် တောင်ကုန်းတောင်တန်းများရှိပြီး တောင်ဘက်တွင် မြစ်ချောင်းများရှိ၍ မြေပြန့်လွင်ပြင် အနည်းငယ်သာရှိပါသည်။ ရွာသစ်ကျေးရွာသည် မြစ်ချောင်းများပေါများသည့် ဒေသတစ်ခုဖြစ်ပါသည်။ မြစ်ချောင်းအများစုမှာ ရေငန်များဖြစ်ပါသည်။ အဆိုပါမြစ်များမှ အခြားကျေးရွာအုပ်စုများသို့ စက်လှေငယ်များဖြင့် သွားလာနိုင်သော မြစ်များဖြစ်ပါသည်။ ရွာသစ်ကျေးရွာသည် ပင်လယ်ရေမျက်နှာပြင်ထက်(၈၃)ပေတွင်တည် ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ရွာသစ်ကျေးရွာသည် ပူအိုက်စိုစွတ်သောရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန်(၄၀ C) နှင့် အနိမ့်ဆုံးအပူချိန်မှာ (၂၃ C)ဖြစ်ပါသည်။ ရွာသစ်ကျေးရွာပတ်ဝန်းကျင်အတွင်း ပေါက်ရောက်သည့် သဘာဝပေါက်ပင်များမှာ ဂန့်ဂေါ်၊ ဥဘန်၊ ဆီ၊ သပြေ၊သပိတ်၊ သစ်ယား၊ ပင်လယ်ပြင်၊ သစ်မွေး၊ ဒီရေရောက်တောတွင် ပြူး၊ (ပရုန်း)ပင်၊ ကပြိုင်ပင်၊ ပင်လယ်အုန်း၊ ကနဇိုပင်၊ ဆောင်းပင် စသည့်အပင်များပေါက်ရောက်ပါသည်။ တောရိုင်းတိရိစ္ဆာန်များမှာ တောကြက်၊ မျောက်၊ တောကြောင်၊ ဂျီ၊ ဂျီလောင်၊ သင်းခွေချပ်၊ ဖြူ၊ ရှဉ့်၊ စပါးအုန်းမြွေ၊ စပါးကြီးမြွေ စသည့်ကျေးငှက်တိရိစ္ဆာန်များ အမျိုးမျိုးတို့ဖြစ်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ရွာသစ်ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၃၀) အိမ်ရှိပြီး လူဦးရေပေါင်း (၅၉၂) ဦး ရှိပါသည်။ကျေးရွာတွင် ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ အသင့်အတင့်ရှိပါသည်။ ရွာသစ်ကျေးရွာတွင် အုပ်ချုပ်မှုစီမံခန့်ခွဲမှုတို့တွင် အမျိုးသမီးများပါဝင်ခြင်းရှိပါသည်။ အဖွဲ့တစ်ဖွဲ့ချင်းသည် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင်စည်းလုံးမှုရှိစွာဖြင့် ဆောင်ရွက်

ပါသည်။ ရပ်မိရပ်ဖအဖွဲ့မှာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်း၍ ကျေးရွာဖွံ့ဖြိုးရေး အတွက်ပူးပေါင်းလုပ်ဆောင်ပေးနေပါသည်။ မီးသတ်တပ်ဖွဲ့ဝင် တပ်စု(၁)စုမှာ ကျေးရွာ အတွင်းရှိ လုံခြုံရေးနှင့် အခြားကိစ္စရပ်များလည်းပါဝင်ဆောင်ရွက်ပေးနေပါသည်။ ကျောင်း အကျိုးတော်ဆောင်အဖွဲ့မှာလည်း ကျောင်း၏လိုအပ်ချက်များနှင့် ကလေးများပညာ သင်ကြားရာတွင် အခက်အခဲမရှိစေရန် အလေးထားဆောင်ရွက်နေပါ သည်။ ဂေါပကအဖွဲ့၊ အမျိုးသမီးကြီးအဖွဲ့၊ ကာလသား/သမီးအဖွဲ့၊ နာရေးကူညီရေးအသင်း စသည်တို့သည် ကျေးရွာ၏သာရေး၊ နာရေးနှင့် အခြားသောပရဟိတလုပ်ငန်းများတွင် အတူတကွ စုပေါင်း လုပ်ကိုင်နေကြပါသည်။ ရွာသစ်ကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်းများအနေဖြင့် ကျေးရွာတွင်မရှိသည့်အတွက် ကျေးရွာ၏ ကဏ္ဍပေါင်းစုံဖွံ့ဖြိုးလာစေရေးအတွက် အဖက်ဖက်မှ ဝိုင်းဝန်းထောက်ပံ့ပေးရန်လိုအပ်လျက်ရှိ ပါသည်။

၄။ စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(က)သီးနှံ စိုက်ပျိုးရေး

ရွာသစ်ကျေးရွာတွင် စိုက်ပျိုးနိုင်သောမြေဧရိယာမှာ လယ်ယာမြေ(၃)ဧက၊ ဥယျာဉ် ခြံမြေ(၃၇.၇)ဧကနှင့်ခနိတောမြေ (၂၁.၂၅)ဧကရှိပါသည်။ (၂.၅)ဧကအောက် ဆင်းရဲသား တောင်သူ (၂၄)အိမ်ထောင်စု၊ (၂.၅)ဧကမှ (၅)ဧကကြား တောင်သူငယ်(၄၄) အိမ်ထောင်စု၊ (၅)ဧကမှ (၁၂.၅)ဧကကြား တောင်သူလတ်(၃၀)အိမ်ထောင်စုနှင့် ၁၂.၅ဧကအထက် တောင်သူကြီး(၂၀)အိမ်ထောင်စု စသည်တို့ရှိကြပြီး အဓိကအားဖြင့် ဥယျာဉ်ခြံသီးနှံများနှင့် ရာသီပေါ် ကောက်ပဲသီးနှံများ(ယာကွမ်း)၊ ကွမ်းရွက်ပင်များကို အားထားစိုက်ပျိုးကြပါ သည်။ မြေယာမဲ့အိမ်ထောင်စုများသည် အများစုမှာ နေ့စားကျဘမ်းနှင့် ပြည်ပတွင် သွားရောက်လုပ်ကိုင်နေကြပါသည်။ ကျေးရွာ၏စိုက်ပျိုးရေးမှာ မိုးရေနှင့် တွင်းရေကိုသာ အဓိကထားစိုက်ပျိုးလုပ်ကိုင်ကြပါ သည်။

(ခ) မွေးမြူရေးလုပ်ငန်းနှင့်ငါးလုပ်ငန်း

ရွာသစ်ကျေးရွာတွင် အသားတိုးကြက်မွေးမြူထားသောအိမ်ထောင်စု(၇)စုရှိပြီးကြက် အကောင်ရေ(၁၃၅၀၀)ရှိပါသည်။ ဝက်မွေးမြူသည့်အိမ်ထောင်စု(၄)စုမှာ အကောင်ရေ (၁၂) ကောင်ရှိပါသည်။ စီးပွားဖြစ်မွေးမြူသည့် အိမ်ထောင်စု(၇)အိမ်ထောင်စုရှိပါသည်။ တစ်ပိုင် တစ်နိုင်မွေးမြူထားသည့်အိမ်ထောင်စု(၈)စုရှိပါသည်။ မျိုးကောင်းမျိုးသန့် အလွယ်တကူ မရရှိနိုင်ခြင်းကြောင့် ဈေးကွက်သို့တင်ပို့ရောင်းချနိုင်ခြင်းများမရှိပါ။ ရွာသစ်ကျေးရွာသည် မြိတ်မြို့နှင့်နီးသောကြောင့် လမ်းပန်းဆက်သွယ်ရေးအသင့်အတင့်ရှိပြီး တိရိစ္ဆာန်မွေးမြူရေး အစာနှင့် စိုက်ပျိုးရေးအစာ ဆေးဝါးများကို အလွယ်တကူရရှိနိုင်ပါသည်။ တိရိစ္ဆာန်များကို

လည်း အိမ်ခြံဝင်းအတွင်း မြေနေရာလုံလောက်မှု အသင့်အတင့်ရှိသဖြင့် တစ်နိုင်တစ်ပိုင် မွေးမြူနိုင်ခြင်းဖြစ်ပါသည်။ စားကျက်မြေရှားပါးသည့်အတွက် ကျက်စားရန်မြေလွတ် မြေလပ်မရှိသည့်အပြင် ထုတ်ကုန်များကို ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ခြင်းများ ရှိနေပါသည်။ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်မည်ဆိုပါက မွေးမြူရေး နည်းပညာနှင့် ပတ်သက်သည့်အတွေ့အကြုံအသိပညာများကို လိုအပ်နေပါသည်။

(ဂ)စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ရွာသစ်ကျေးရွာတွင် အခြားဝင်ငွေရ လုပ်ငန်းအနေဖြင့် ဆိုင်ကယ်ပြင်၊ ဈေးရောင်း၊ လက်ဖက်ရည်ဆိုင်၊ စက်ချုပ်၊ အစိုးရဝန်ထမ်း၊ လက်သမား၊ ပန်းရံလုပ်ငန်းနှင့် ရေလုပ်ငန်းတို့ကို လုပ်ကိုင်ကြပါသည်။ ကျပန်းလုပ်သားများသည် အများဆုံးအားဖြင့် ဝင်ငွေရရှိရန် ဆိုင်ကယ်(တက္ကဆီ)နှင့် လက်သမား/ပန်းရံအလုပ်တို့ကို လုပ်ကိုင်ကြ ပါသည်။ အထူးသဖြင့် ဝင်ငွေရရှိရန် ရှမ်းပြည် (ထိုင်းနိုင်ငံ)သို့ သွားရောက်လုပ်ကိုင်လေ့ရှိသည်။ လုပ်အားခများကို အိမ်တွင်ကျန်ခဲ့သော မိသားစုများထံပို့၍ စားဝတ်နေရေးကို ဖြေရှင်းကြရသည်။ အကယ်၍ ငွေပို့မှုနောက်ကျပါက (သို့) မလုံလောက်ပါက ငွေတိုးချေးသူများထံမှ ချေးယူ၍ စားဝတ်နေရေးကို ဖြေရှင်းကြရသည်။ ဘွဲ့ရအများစုမှာ ဒေသတွင်ပြန်လည်အခြေချသူထက် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်သူများပြားပါသည်။ ပြည်ပ (ထိုင်းနိုင်ငံ) သို့ သွားရောက်လုပ်ကိုင်ခြင်းမဟုတ်လျှင် ဒေသအတွင်းတွင် ဝန်ထမ်းလုပ်သူနှင့် မိဘလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ကြပါသည်။

ရွာသစ်ကျေးရွာတွင်နေထိုင်သူများသည် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည့် အတွက် သက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းများ လိုအပ်ခြင်း၊ အရင်းအနှီး ငွေများလိုအပ်ခြင်း၊ ကာလရှည်ချေးငွေ လိုအပ်ခြင်များ၊ ကျေးရွာတွင် လျှပ်စစ်မီး မရှိသည့် အတွက် လုံခြုံရေး၊ ပညာရေးစသည့်လူမှုရေးကိစ္စများတွင် အရာရာနှောင့်နှေး နေပါသည်။

(ဃ)စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများမှာ ကွမ်းရွက်၊ ရော်ဘာ၊ ကွမ်းသီး၊ ခနီဖက်နှင့် ဟင်းသီးဟင်းရွက်တို့ပါဝင်ပါသည်။ မြိတ်မြို့နှင့်နီးသည့် ကျေးရွာတစ်ရွာဖြစ်၍ ကျေးရွာထုတ်ကုန်များကို ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်ပါသည်။

(င)ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ရွာသစ်ကျေးရွာတွင် လယ်ယာမြေ လုပ်ကိုင်မှုများမရှိသဖြင့်မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်မှ ထုတ်ချေးငွေများလည်းမရှိပါ။ အဖွဲ့လိုက် ငွေစုငွေချေးအစီအစဉ်နှင့် အပေါင်ဆိုင် များမှ ချေးငွေရယူမှုများမှာ အလွန်နည်းပါးလှပါသည်။ အဓိကအားဖြင့် ဆွေမျိုးများထံမှ

ချေးယူကြပြီး ဘက်စုံလိုအပ်မှုအတွက် ချေးယူကြခြင်း ဖြစ်ပါသည်။ အတိုးနှုန်းမှာ (၁၀%) ဖြစ်ပြီး အပေါင်ခံပစ္စည်း အနည်းငယ် လိုအပ်ပါသည်။ ပိုင်ဆိုင်မှု မရှိလျှင် ချေးငွေရရှိရန် အခက်အခဲများ ကြုံတွေ့နေရပါသည်။ ကျေးရွာပြည်သူ အများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး) တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာအတွင်း ချေးငွေလိုအပ်ချက် များပြားနေပါသည်။ ထို့ကြောင့်ကာလ ရှည်ချေးငွေများ ချေးယူရရှိမည်ဆိုပါက မိမိတို့ လုပ်ကိုင်နေသော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံနိုင်လာမည် ဖြစ်ပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က)ကျေးလက် သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် စက်ဘီးမှာ ကျောင်းသား/သူများ သွားလာရေး အတွက် အသုံးပြု၍ မော်တော်ဆိုင်ကယ်မှာ အချို့သောသွားလာရေးကိစ္စနှင့် စီးပွားရေးကိစ္စ တွင် အသုံးပြုကြပါသည်။ ဆိုင်ကယ်စီးရေ (၁၃၀) စီး၊ သုံးဘီးဆိုင်ကယ် (၅) စီးနှင့် ကား (၁၂) စီးရှိပြီး ရွာ၏သယ်ယူပို့ဆောင်ရေးကို ၎င်းတို့အား အဓိကထား၍ အသုံးပြုကြပါသည်။

ရွာသစ်ကျေးရွာတွင် ကျေးရွာတွင်းလမ်းများသည် မြေသားလမ်းများသည် မြေသား လမ်းများဖြစ်ပါသည်။ ဘိုတောင်ရွာသစ်လမ်းမှာ ရွှေပေး-စန္ဒဝတ်-ကျွဲကူးစသည့် ရွာပေါင်း များစွာသို့သွားလာရာတွင် အရေးပါသော တစ်လမ်းတည်းသာရှိသော အဓိကလမ်းဖြစ်ပါ သည်။ ၄င်းမြေသားလမ်းမှာ မိုးရာသီတွင် ဗွက်ထခြင်းကြောင့် သွားလာရခက်ခဲသဖြင့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းများပြုလုပ်ပြီးဖြစ်ပါ သည်။ ရွာသစ်ကျေးရွာတွင် ရှေးဟောင်းသမိုင်းဝင် ပြင်တောင်စေတီတော်မြတ်သို့ သွားလာသောမြေသားလမ်းမှာ အလွန်ဆိုးဝါးနေသောကြောင့် ဝါတွင်းဝါပ ရဟန်းရှင်လူ အများသွားလာရသည်မှာ ခက်ခဲနေ ခြင်းကြောင့် မြေသားလမ်းမှ ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း၊ လမ်းရေမြောင်း များဖောက်လုပ်ခြင်းစသည်တို့ လုပ်ဆောင်ရန် လိုအပ်နေပါသည်။ ထို့ပြင်ရွာသစ်ကျေးရွာတွင် အနောက်ဖက် ကလွင်ကျေးရွာအုပ်စုနှင့် နယ်နိမိတ်အစပ်တွင် တံတား(၁)စင်း စုစုပေါင်း သစ်သားတံတား(၂)စင်းမှာ ကွန်ကရစ်တံတားသို့ အဆင့်မြှင့်တင်ဆောင်ရွက်ရန် လိုအပ်နေ ပါသည်။ ပင်လယ်ရေကြောင်းနှင့် မြစ်ကြောင်းအသုံးပြုမှုမှာ ရေလုပ်ငန်းလုပ်ကိုင်သူအချို့ အသုံးပြုကြပါသည်။

(ခ)ကျေးရွာ မီးလင်းရေး

ရွာသစ်ကျေးရွာတွင် ကျေးရွာမီးလင်းရေးအနေဖြင့် ဆိုလာမီးသုံးစွဲမှုအိမ်ခြေမှာ (၂၂)အိမ်၊ မဟာဓါတ်အားလိုင်းအသုံးပြုသည့်အိမ်(၈၂)အိမ်နှင့် ဒီဇယ်အင်ဂျင် အသုံးပြုသည့် အိမ်(၁၃)အိမ်ရှိ၍ ရွာနှင့်အလှမ်းဝေးသည့် ရွာ၏အရှေ့ဘက် သမိုင်းဝင်ပြင်တောင် စေတီတော်မြတ်နှင့် အနီးရှိ အိမ်ခြေ(၂၄)အိမ်ခန့်နှင့် ဘုန်းတော်ကြီးကျောင်း(၂၂)ကျောင်း ကျန်ရှိသော ဘုရားပုထိုးစေတီအများစုမှာ လျှပ်စစ်မီးမရရှိသည့်အတွက် ကျောင်းသား/သူ များမှာ အခက်အခဲဖြစ်နေပါသည်။

(ဂ)သတင်းနှင့် ဆက်သွယ်ရေး

ရွာသစ်ကျေးရွာတွင်ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၁၃၅) လုံး၊ တီဗွီ (၆၈) လုံး၊ ဂြိုလ်တုစလောင်း (၄၈) လုံး စသည်တို့မှ ရရှိသည့်အပြင် ကျေးရွာ အတွင်း တာဝါတိုင်ရှိသည့်အတွက် ဖုန်းဖြင့် သတင်းနှင့်အချက်အလက်များကို အချိန်နှင့် တပြေးညီသိရှိနိုင်ပါသည်။ သို့သော်လည်း လျှပ်စစ်မီးမရရှိသေးသည့် အိမ်ခြေ(၂၄)အိမ်နှင့် ဘုန်းတော်ကြီးကျောင်းမှာ ဖုန်းအားသွင်းရန်အခက်အခဲရှိနေပါသည်။

၆။ ပညာရေး

ရွာသစ်ကျေးရွာတွင် ကျေးရွာတစ်ရွာလုံးကျွတ်စာတတ်မြောက်ကြပါသည်။ မူလတန်း အဆင့်စာတတ်မြောက်သူဦးရေ(၂၁၇)ဦး၊ အလယ်တန်းအဆင့်စာတတ်မြောက်သူဦးရေ (၁၂၈)ဦး၊ အထက်တန်းအဆင့်စာတတ်မြောက်သူဦးရေ(၅၉)ဦးနှင့် တက္ကသိုလ်အဆင့်စာ တတ်မြောက်သူဦးရေ(၂၇)ဦးရှိပြီး လာမည့်အနာဂါတ်ကာလတွင် ကျေးရွာ၏ ပညာရေးကဏ္ဍ တိုးတက်လာစေရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလုပ်ဆောင်သင့်ပါသည်။ ကျေးရွာတွင် ယခုလက်ရှိ ပညာသင်ကြားနေသောလူဦးရေမှာ (၁၆၂)ဦးရှိပြီး အမျိုးသမီးဦးရေပိုများပါ သည်။

ရွာသစ်ကျေးရွာတွင် ၂၀၁၇-၂၀၁၈ပညာသင်နှစ်အထိ မူလတန်းအဆင့် ပညာရေးကို သင်ကြားခွင့်ရရှိနိုင်ပြီး (ကျောင်းသား/သူများကို လွယ်ကူချောမောစွာ သင်ကြားနိုင်ရေး သင်ထောက်ကူပစ္စည်းများမလုံလောက်ခြင်း၊ ဝန်ထမ်းအိမ်ရာများလိုအပ်ခြင်းစသည့် လိုအပ်ချက်များရှိနေပါသည်။

ရွာသစ်ကျေးရွာတွင် မသန်စွမ်းသူများမရှိသည့်အတွက် အစီအစဉ်များကြိုတင် ရေးဆွဲထားခြင်းမရှိပါ။ မူလတန်းကျောင်းထွက်နှုန်းအနည်းငယ်သာရှိပြီး ကျောင်း အားကစားဆိုင်ရာပစ္စည်းများ လက်လှမ်းမီမှုမရှိသည့်အတွက် သက်ဆိုင်ရာဦးစီးဌာနနှင့်

ချိတ်ဆက်တင်ပြရန်လိုအပ်နေပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ ကလေးများ ပညာသင်ကြားရေးအတွက် ယခုပိုမိုအားကောင်းစွာ လုပ်ဆောင်ပေးရန် လိုအပ်နေပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ရွာသစ်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိပါ။ ကျေးရွာတွင် ကျန်းမာရေးနှင့်ပတ်သက်၍ ရာသီအလိုက်ကာကွယ်ဆေးထိုးခြင်း၊ အသိပညာပေးခြင်း၊ ဟောပြောပွဲများလည်း ပြုလုပ်လျက်ရှိပါသည်။ ရိုးရိုးနေမကောင်းဖြစ်သူများ ဖျားနာသူများမှာ စန္ဒဝတ် ကျေးရွာအုပ်စု ကျေးလက်ကျန်းမာရေးဌာနသို့သွားရောက်ကုသမှုခံယူရပါသည်။ ရောဂါပြင်းထန်သောလူနာများမှာလည်း မြိတ်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသမှုခံယူရပါသည်။ ကျေးရွာတွင် ကျန်းမာရေးဌာနခွဲမရှိသည့်အတွက် အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုများလည်းမရရှိပါ။ သို့အတွက်ကြောင့် ရွာသစ်ကျေးရွာတွင် ကျန်းမာရေးနှင့် ပတ်သက်ပြီး ကျန်းမာရေးဌာန အမှန်တကယ်လုပ်ဆောင်ပေးရန် လိုအပ်နေပါသည်။

ရွာသစ်ကျေးရွာတွင် တစ်ရွာလုံးအနေဖြင့် ရေတွင်း(၁၅)တွင်းနှင့် အဝီစိတွင်း(၂)တွင်း ရှိပါသည်။ အဝီစိတွင်းများမှ ရေမီတာဖြင့် ဖြန့်ဝေပေးသောရေကို အဓိကထားအသုံးပြုသည့် အိမ်ထောင်စုမှာ အများစုဖြစ်ပါသည်။ မိုးရာသီတွင် သောက်သုံးရေလုံလောက်သော်လည်း နွေရာသီတွင်သောက်သုံးရေမလုံလောက်သောအခက်အခဲများဖြစ်နေပါသည်။

ရွာသစ်ကျေးရွာတွင် မသန့်ရှင်းသော အိမ်သာသုံးစွဲမှုမှာ ရာခိုင်နှုန်းပိုများသည့် အတွက် ကျေးရွာသူ/သားများအား သန့်ရှင်းသောအိမ်သာသုံးစွဲမှုတိုးတက်လာစေရန် ဆွေးနွေးဟောပြောပွဲများပြုလုပ်ပေးရန် လိုအပ်နေပါသည်။

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ရွာသစ်ကျေးရွာတွင် ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ် ကျရောက်မှုမရှိပါ။ အကယ်၍ ဘေးအန္တရာယ်ကျရောက်မည်ဆိုပါက ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများလည်း ဆောင်ရွက်ထားမှု မရှိပါ။ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာလျှင် ထိခိုက်လွယ်မည့်အုပ်စုမှာ (၃၀%) ခန့် ရှိနိုင်ပါသည်။ အမျိုက်စွန့်ပစ်ရာတွင် စနစ်တကျ စွန့်ပစ်မှုအားနည်းလျက်ရှိပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။ ထိုမှသာလျှင် ကျေးရွာသူ ကျေးရွာသားများသည် ကောင်းကျိုး၊ ဆိုးကျိုးကို ခွဲခြားတတ်လာပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို တက်ကြွစွာ ပါဝင်လုပ်ဆောင်လာမည် ဖြစ်ပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ရွာသစ်ကျေးရွာတွင်အလုပ်လုပ်နိုင်သော အမျိုးသမီးဦးရေသည် အမျိုးသားဦးရေနှင့် အတူတူပင် ဖြစ်သည်။ ကျား/မဆိုင်ရာတာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြပါသည်။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမာန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အရေးတူညီစွာရရှိသည်ဟု ယေဘုယျအားဖြင့် ပြောနိုင်သည်။ ပညာရေးနှင့်ဆိုင်သာ ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေး ဦးရေထက်နည်းနေသော်လည်း အလယ်တန်းနှင့်အထက်တန်းများတွင် အရေအတွက်မှာ တန်းတူနီးပါးဖြစ်နေ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများ မှာ အမျိုးသားများကပို၍ ရကြပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုမှာ အမျိုးသားများနှင့်တန်းတူပင်ဖြစ်သည်။ ကျား/မတန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများမြှင့်တင်ဆောင်ရွက်ပေးခြင်း ဖြင့် ကျား/မတန်းတူညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် - စန္ဒဝတ်			ကျေးရွာအမည် - ရွာသစ်	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၁	အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး	အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး	အဖွဲ့ငယ်များအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ စာရင်းကိုင်စသည့် သင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း။	
၂	အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး	အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး	ရွာလုံးကျွတ်အစည်းအဝေးကို လစဉ်ပုံမှန်ပြုလုပ်၍ လိုအပ်ချက်များကို အစည်း အဝေးတွင် ဖော်ထုတ်ခြင်း။	
၃	စိုက်ပျိုးရေး	နည်းပညာ	မျိုးကောင်းမျိုးသန့်ထုတ် လုပ်နည်း သင်တန်းများ ဆောင်ရွက်ခြင်း။	
၄	စိုက်ပျိုးရေး	နည်းပညာ	မြေဆီလွှာ ပြုပြင်ထိန်း သိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။	
၅	စိုက်ပျိုးရေး	နည်းပညာ	ပိုးမွှား၊ ရောဂါ ကာကွယ်နှိမ် နှင်းရေး နည်းပညာ သင်တန်း / ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။	
၆	စိုက်ပျိုးရေး	ဈေးကွက်	စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ် ဆောင်နိုင်ရန် စီးပွားရေး အမြင်ဖွင့် သင်တန်းများ ပြုလုပ်ခြင်း။	
၇	စိုက်ပျိုးရေး	ဈေးကွက်	ဈေးကွက်ဆန်းစစ်ခြင်းနှင့် လိုအပ်ချက်အတိုင်း ထုတ်လုပ်ခြင်း။	
၈	မွေးမြူရေးနှင့်ငါးလုပ်ငန်း_မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မြို့နယ် မွေး/ကုဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများနှင့် ဂန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။	
၉	မွေးမြူရေးနှင့်ငါးလုပ်ငန်း_မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မွေးမြူရေးဈေးကွက် ဆန်းစစ်ခြင်းနှင့် ထုတ်ကုန် ဈေးကွက်ကောင်း ရရှိရန် ချိတ်ဆက်ခြင်း။	
၁၀	ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။	
၁၁	ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	စိတ်ပါဝင်စားသော မိသားစုများအတွက် ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ စီစဉ်ခြင်း (ကွန်ပျူတာ၊ ဘာသာစကား၊ စက်ချုပ်၊ မုန့် မျိုးစုံ၊ စက်ပြင်၊ ဆိုင်ကယ်ပြင်)	
၁၂	ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	ထုတ်ကုန်များအတွက် စုပေါင်းဈေးကွက် ရှာဖွေခြင်း။	

ကျေးရွာအုပ်စုအမည် - စဉ်ဝင်			ကျေးရွာအမည် - ရွာသစ်	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၁၃	ငွေကြေး	အသေးစား	အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့် လိုအပ်ချက်များ ပြင်ဆင်ခြင်း။	
၁၄	ငွေကြေး	အသေးစား	အသက်မွေးဝမ်းကျောင်း လုပ်ငန်းပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည် ထုတ်ချေးပေးနိုင်မည့် ချေးငွေနေရာများနှင့် ချိတ်ဆက်ခြင်း။	
၁၅	ငွေကြေး	ရပ်ရွာအခြေပြု	မြစိမ်းရောင်ကျေးရွာစီမံကိန်းရရှိရန် ချိတ်ဆက်တင်ပြခြင်း။	
၁၆	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊	စာသင်ကျောင်းတွင် လိုအပ်သော ပရိဘောဂပစ္စည်း ပြည့်ဝစွာရရှိအောင် ဆောင်ရွက်ခြင်း။	
၁၇	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊	အားကစားကွင်းနှင့် အားကစားပစ္စည်းများ ဖြည့်တင်းခြင်း။	
၁၈	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊	ကျောင်းဆောင်ဟောင်းအား အသစ်တည်ဆောက်ခြင်း	
၁၉	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊	(၃) ခန်းတွဲ ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်း။	
၂၀	ကျန်းမာရေး	ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး	ကျန်းမာရေးနှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာများ ပြည့်စုံစွာ ရရှိအောင်တင်ပြ တောင်းခံခြင်း။	
၂၁	ကျန်းမာရေး	ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး	ကျန်းမာရေးဆေးပေးခန်းတည်ဆောက်ခြင်း	
၂၂	ကျန်းမာရေး	ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး	ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ စီစဉ်ပေးခြင်း။	
၂၃	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ကျေးရွာတွင်းရှိ လမ်းသွယ်များအား ကွန်ကရစ်လမ်းအဖြစ်အဆင့်မြှင့်တင်ခြင်း	
၂၄	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	ရပ်ရွာဖွံ့ဖြိုးရေးများတွင် အသိပညာ၊ အတတ်ပညာများ ရရှိနိုင်ရေး ဖွံ့ဖြိုးရေးလူငယ်အဖွဲ့တစ်ခု ဖွဲ့စည်းလုပ်ဆောင်ခြင်း။	
၂၅	လူငယ်နှင့်အားကစား	အားကစား	အား/ကာဦးစီးဌာနနှင့် ချိတ်ဆက်၍ လူငယ်များအတွက် အားကစားပစ္စည်းများ ဖြည့်တင်းခြင်း။	
၂၆	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	နွေရာသီအားကစား ရက်တိုသင်တန်းများ စီစဉ်ပေးခြင်း။	

ကျေးရွာအုပ်စုအမည် - စဉ်ဝင်			ကျေးရွာအမည် - ရွာသစ်	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၂၇	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	စာပေဟောပြောပွဲများ ကျင်းပပေးခြင်း။	
၂၈	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	အားကစား၊ စာပေ၊ စာရိတ္တ၊ လူမှုရေးစွမ်းဆောင်မှုများ အတွက် ဂုဏ်ပြုပွဲများ ကျင်းပခြင်း၊	
၂၉	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	အရက်၊ မူးယစ်ဆေးကင်းစင် ကျေးရွာဖြစ်ရန် အားလုံးဝိုင်းဝန်းဆောင်ရွက်ခြင်း၊ (ရောင်းသူ၊ သုံးသူ ပညာပေး၊ ဥပဒေအရ တားဆီးအရေးယူ)	
၃၀	လူငယ်နှင့်အားကစား	အမျိုးသမီး	အမျိုးသမီးများအား တရား ဥပဒေဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။	
၃၁	သယံဇာတနှင့်သဘာဝ ဝန်းကျင်	သဘာဝဘေး လျော့ချရေး	သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများအား ချိတ်ဆက်ခြင်း။	
၃၂				
၃၃				
၃၄				
၃၅				
၄၀				

ရွာသစ်ကျေးရွာ၊ စန္ဒဝတ်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးစိုးရွှေ	ဦးအောင်မြင့်	ဖ/မအရ(နိုင်)၀၂၁၆၀၂	၅၃	ဥက္ကဋ္ဌ	၀၉၈၉၁၅၆၀၀၆၇
၂	ဒေါ်ဆန်းဌေး	ဦးအောင်ကျင်မြိုင်	ဖ/မအရ(နိုင်)၀၂၃၇၆၁	၄၅	အတွင်းရေးမှူး	၀၉၇၇၆၃၇၉၉၄၃
၃	ဒေါ်ချိုမာအေး	ဦးကြူတင်	-	၄၀	ဘဏ္ဍာရေးမှူး	၀၉၄၄၂၅၄၄၉၀၉၂
၄	ဦးခင်ဇော်	ဦးရွှေသန်း	-	၃၅	စာရင်းစစ်	၀၉၂၅၄၂၄၄၇၀၄
၅	ဦးအောင်ဇော်ထွန်း	ဦးအောင်သန်း	ဖ/မမန(နိုင်)၁၀၄၉၀၃	၃၆	စာရင်းကိုင်	၀၉၇၆၈၂၁၁၀၅၁
၆	ဦးလှဌေး	ဦးကြည်ရှင်	ဖ/မမန(နိုင်)၁၃၁၆၂၂	၄၄	အဖွဲ့ဝင်	၀၉၇၇၃၃၀၅၈၀၄
၇	ဒေါ်လင်းလင်းငြိမ်း	ဦးငြိမ်းရွှေ	၁၂/မရက(နိုင်)၁၂၃၃၂၈	၄၁	အဖွဲ့ဝင်	၀၉၂၅၄၂၄၄၇၀၅
၈						
၉						
၁၀						
၁၁						
၁၂						
၁၃						
၁၄						
၁၅						

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၆	၉	၁၅
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၂၇	၂၁	၄၈
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၃၄	၂၈	၆၂
၁၀ နှစ်မှ ၁၄ နှစ်အထိ	အလယ်တန်းကျောင်းသားအရွယ်	၃၅	၅၁	၈၆
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၈၁	၁၇၉	၃၆၀
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၃	၁၈	၂၁
စုစုပေါင်း		**၂၈၆**	**၃၀၆**	**၅၉၂**
စုစုပေါင်း အိမ်ထောင်စု		**၁၃၀**		

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊(၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။ ရွာသစ်ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၃၀) အိမ်ရှိပြီး လူဦးရေပေါင်း(၅၉၂)ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၂.၅%)၊ ငါးနှစ်အောက်ကလေးအရွယ် (၈.၁%)၊ မူလတန်းကျောင်းသားအရွယ် (၁၀.၅%)၊ အလယ်တန်းကျောင်းသားအရွယ် (၁၄.၅%)၊ သက်ကြီးရွယ်ကြီးအရွယ် (၃.၅%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၃၉.၁%)ရှိပြီး အလုပ်လုပ်နိုင်သည့် အရွယ် ကျား(၁၈၁)ဦး၊ မ(၁၇၉)ဦး စုစုပေါင်း(၃၆၀)ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၆၀.၈%) ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၄.၆) ဦးနှုန်းရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅)ဦးနှုန်းထက်လျော့နည်းနေပါသည်။သို့သော်လည်း ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများအဖြစ် ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂၅	၂၆	-	မြင့်□လတ်☑နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၂	၂	-	မြင့်□လတ်☑နိမ့်□
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၃	၃	၂၅	မြင့်□လတ်□နိမ့်☑
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၁၂	၁၂	၃	မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၈	၈	-	မြင့်□လတ်☑နိမ့်□
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၄	၅	၂	မြင့်□လတ်□နိမ့်☑
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁	၁	၁	မြင့်□လတ်□နိမ့်☑
၁၁	**လက်လီ-လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၀	၁၂	၈	မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁	၁	-	မြင့်□လတ်☑နိမ့်□
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၉	၉	၅	မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁	၁	-	မြင့်□လတ်□နိမ့်☑
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် အောကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁	၁	၂	မြင့်□လတ်□နိမ့်☑
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁၀	၁၀	-	မြင့်□လတ်□နိမ့်☑
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၄၃	၄၈	၃	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
	စုစုပေါင်း	**၁၃၀**	**၃၈၉**	**၂၃**	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -

"စိုက်ပျိုးရေး" ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ရွာသစ်ကျေးရွာတွင် ဥယျာဉ်ခြံ(ရာဘာ) စိုက်ပျိုးရေးလုပ်ငန်းကို အဓိက ဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သည့်အိမ်ထောင်စုများပြားပါသည်။ ရေလုပ်ငန်းနှင့်ပတ်သက်၍ ကမ်းဝေးကမ်းနီးငါးဖမ်းလုပ်ငန်းကိုလုပ်ကိုင်သည့် အိမ်ထောင်းစု (၂၀)အိမ်ရှိပြီး အလုပ်လုပ်သူဦးရေ (၁၆)ဦးရှိပါသည်။ ဆောက်လုပ်ရေး၊ လက်သမားပန်းရံ လုပ်ငန်းဖြင့် သက်မွေးလုပ်ကိုင်သည့် အိမ်ထောင်စု(၄)စု ရှိပြီး၊ အလုပ်လုပ်သူ(၅) ဦးရှိပါသည်။ အရောင်းအဝယ်လုပ်ငန်းကို အိမ်ထောင်စု (၁၁)အိမ် အလုပ်လုပ်သူဦးရေ (၁၃)ဦး ရှိပါသည်။ ကျေးရွာတွင် ပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်သူ (၁၀)ဦးရှိပါသည်။ ကျောင်းဆရာ/ဆရာမ (၁၀)ဦးရှိပါသည်။ ကျပန်းလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စု(၄၄)အိမ်ရှိပြီး အလုပ်လုပ်သူဦးရေ (၄၈)ဦးရှိပါသည်။ သို့ရာတွင် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းဖြစ်သည့် ကာကွယ်ရေးဝန်ထမ်း(၃)ဦးရှိပါသည်။ ထိုင်းနိုင်ငံ၌ သွားရောက်လုပ်ကိုင်နေသည့် မိသားစုဝင်များထံမှ အပြည့်အဝမှီခိုနေရသည့် အိမ်ထောင်စုများလည်းရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော လုပ်ငန်းများဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် လိုအပ်လျက်ရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈၀၀၀	၆၀၀၀	၇၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၈၀၀၀	၆၀၀၀	၇၀၀၀	၅၀၀၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၈၀၀၀	၆၀၀၀	၇၀၀၀	၄၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ဥယျာဉ်ခြံစိုက်ပျိုးရေးလုပ်ငန်းတွင် နေ့စားပုတ်ပြတ် အလုပ်လုပ်သူများမှာ တစ်နေ့တွင် အမျိုးသား(၈,၀၀၀) ကျပ်၊ အမျိုးသမီး(၇,၀၀၀) ကျပ်ရရှိပါသည်။ ပန်းရံလုပ်ကိုင်သူများတွင် အမျိုးသား(၈၀၀၀)၊ အမျိုးသမီး (၇,၀၀၀) ကျပ်ရရှိပါသည်။ ကျေးရွာတွင် စီးပွားဖြစ်မွေးမြူသည့် အိမ်ထောင်စု (၃)စုရှိပါသည်။ထိုအိမ်ထောင်စုများတွင် နေ့စားအဖြစ်အလုပ်လုပ်သည့် သူများမှာ အများဆုံး အမျိုးသား(၈၀၀၀)ကျပ်၊ အမျိုးသမီး (၆၀၀၀)ကျပ်ရရှိပါသည်။ ကျေးရွာ တွင်အလုပ်အကိုင်အခွင့်အလမ်းနည်းသည့်အတွက် ကျပန်းလုပ်ကိုင်ရသည့် လူအများအပြား ရှိနေပါ သည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-ခ) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၃	ကောင်း ☐	သင့်☐	ညံ့ ☑
ဥယျာဉ်ခြံမြေ	၃၇.၇	ကောင်း ☐	သင့်☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ဓနိတောမြေ	၂၁.၂၅	ကောင်း ☐	သင့်☐	ညံ့ ☑
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	၁	ကောင်း ☐	သင့်☐	ညံ့ ☑
စုစုပေါင်း	**၆၂.၉၅**	☒		

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့်နိုင်ငံတော်က သီးသန့်လျာထား သတ်မှတ်သည့်မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဥယျာဉ်ခြံလုပ်ငန်းကို အဓိက လုပ်ကိုင်ကြပြီး လယ်မြေမှာ မြေဆီလွှာအရည်အသွေး ပျက်စီးနေပါသည်။ ဥယျာဉ်ခြံ စိုက်ပျိုးခြင်းကို အဓိကထား လုပ်ကိုင်ကြပြီး ရာဘာ၊ ကွမ်းသီးနှင့်ရာသီစာ သီးနှံ(အပင်နု) များကိုလည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြပါသည်။ လယ်ယာမြေများတွင် ဆားငန်ရေဝင်ရောက်မှု ရှိခြင်း၊ စိုက်ပျိုးမြေများတွင် ရေအလုံအလောက်မရရှိသည့် ပြဿနာများဖြစ်ပေါ်နေခြင်းနှင့် နည်းပညာပေး သင်တန်းများ ချိတ်ဆက်ပြုလုပ်ရန် လိုအပ်နေပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐ နည်း☐ မရှိ☑	လွယ်☐ ခက်☐အသုံးမပြုနိုင်ပါ ☑
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ☐ သင့်☐ နည်း☑ မရှိ☐	လွယ်☐ ခက်☑အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☐ နည်း☑ မရှိ☐	လွယ်☐ ခက်☑ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ နည်း☑ မရှိ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ရွာသစ်ကျေးရွာတွင်သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ ထွက်ရှိခြင်း မရှိသည့်အတွက် အခြားကျေးရွာများမှ ဝယ်ယူနေရပြီး၊ ကျောက်၊သဲ၊ ကျောက်စရစ် စသည်များ သဘာဝအပင်မျိုးစိတ်များ၊ ဘဘာဝတိရိစ္ဆာန် မျိုးစိတ်များ စသည်တို့ အနည်းငယ် တွေ့ရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	**သတ်မှတ်စံနှုန်း**			
	အဆင်ပြေသော အိမ်ထောင်စု	**အလယ်အလတ်ရှိ သောအိမ်ထောင်စု**	**မပြေလည်သော အိမ်ထောင်စု**	**အလွန်မပြေလည် သောအိမ်ထောင်စု**
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	**၁၂**	**၃၉**	**၅၁**	**၂၄**

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ရွာသစ်ကျေးရွာတွင် စုစုပေါင်းအိမ်ထောင်စု၏ (၉.၂%)သည် အဆင်ပြေသောအိမ်ထောင်စုများဖြစ်ပြီး ကိုယ်ပိုင်စိုက်ပျိုးရေးနှင့် ဈေးဆိုင်လုပ်ငန်းများ လုပ်ကိုင်ကြသည်။

အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာ (၃၀%) ရှိပြီး စိုက်ပျိုးရေးနှင့် တစ်ပိုင်တစ်နိုင်ဈေးဆိုင်များဖြင့်အသက်မွေးဝမ်းကျောင်းပြုကြသည်။ ထိုအိမ်ထောင်စုများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေကြေး (သို့) ပစ္စည်းစသည်ဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ပါလိမ့်မည်။မပြေလည်သော အိမ်ထောင်စုများနှင့် အလွန် မပြေလည်သောအိမ်ထောင်စုများသည် ရာသီအလိုက်ကျပန်း လုပ်ငန်းများဖြင့် အသက်မွေး လုပ်ငန်းလုပ်ကိုင်ကြသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	**အိမ်ထောင်စုအရေအတွက်**	**ဖြေရှင်းသည့်နည်းဗျူဟာ**(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။.....

.....

.....

.....

(၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၇		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၄		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ရွာသစ်ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုနှင့်မသန်စွမ်းသည့်ပုဂ္ဂိုလ်များ မရှိပါ။ ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို/မ၊ တစ်ခုလပ်အိမ်ထောင်စု (၁၁)စုရှိပါသည်။ ထိုအိမ်ထောင်စုများကို ကျေးရွာပတ်ဝန်းကျင် အနီးတွင်ရှိသည့် အိမ်ထောင်စုများမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျှက်ရှိပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် □လတ် ☑နိမ့် □မရှိ □
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် □လတ် ☑နိမ့် □မရှိ □
၃	ရေကြီးခြင်း	မြင့် □လတ် □နိမ့် □မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့် □လတ် □နိမ့် □မရှိ ☑
၅	အအေးလွန်ကဲခြင်း	မြင့် □လတ် □နိမ့် □မရှိ ☑
၆	မုန်တိုင်း	မြင့် □လတ် □နိမ့် □မရှိ ☑
၇	ငလျင်	မြင့် □လတ် □နိမ့် □မရှိ ☑
၈	မီးဘေး	မြင့် □လတ် □နိမ့် □မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် □လတ် ☑နိမ့် □မရှိ □
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် □လတ် ☑နိမ့် □မရှိ □
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☑လတ် □နိမ့် □မရှိ □
၁၂	ငှက်ဖျားရောဂါ	မြင့် □လတ် □နိမ့် □မရှိ ☑
၁၃	တီဘီရောဂါ	မြင့် □လတ် ☑နိမ့် □မရှိ □
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် □လတ် □နိမ့် □မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် □လတ် □နိမ့် □မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် □လတ် ☑နိမ့် □မရှိ □
၁၇	လူကုန်ကူးခြင်း	မြင့် □လတ် □နိမ့် □မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် □လတ် □နိမ့် □မရှိ ☑

လေ့လာတွေ့ရှိချက်။ ။ရွာသစ်ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံမှုမှာ သင့်တင့်သော အနေအထား တွင်ရှိ၍ သဘာဝအရင်းအမြစ်ထွက်ရှိမှု ရှားပါးသည့်ကျေးရွာ ဖြစ်ပါသည်။ စားကျက် မြေနှင့် မြေလွတ်မြေလပ် မရှိသည့်အတွက် သဘာဝအရင်းအမြစ် စိုက်ပျိုးမြေ တိုးချဲ့နိုင်ခြင်းမရှိပါ။ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊မုန်တိုင်းကျရောက်ခြင်း၊ ငလျင်လှုပ်ခြင်း၊ မြေပြိုခြင်း၊ များမရှိပါ။ ဆားငန်ရေဝင်ရောက်မှု အနည်းငယ်ရှိသည့်အတွက် မြေဆီလွှာအနည်းပျက်စီးမှု ရှိပါသည်။ ငှက်ဖျားရောဂါနှင့် ကိုယ်ခံအား ကျဆင်းမှုရောဂါများ ဖြစ်ပွားခြင်းမရှိပါ။ တိရိစ္ဆာန်ကူးစက်ရောဂါ ဖြစ်ပွားမှုအနည်းငယ်ရှိသည့်အတွက် မွေး/ကုဦးစီးဌာနမှ ဆရာဝန်များနှင့်ချိတ်ဆက်ရန် လိုအပ်နေပါသည်။ ကျေးရွာတွင်းရှိလမ်းသည် မိုးရာသီတွင်သွားလာရခက်ခဲပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐လတ် ☑နိမ့်☐မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☑လတ် ☐နိမ့်☐မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐လတ် ☐နိမ့်☑မရှိ ☐
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☑လတ် ☐နိမ့်☐မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐လတ် ☐နိမ့်☑မရှိ ☐
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☐လတ် ☐နိမ့်☑မရှိ ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐လတ် ☐နိမ့်☐မရှိ ☑
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐လတ် ☐နိမ့်☑မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐လတ် ☐နိမ့်☑မရှိ ☐
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐လတ် ☐နိမ့်☑မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐လတ် ☐နိမ့်☑မရှိ ☐

